တံပ်အွ့်ရ်ပိုန်သောတ်ကပိုန်တအာင်း

**Palaung State Liberation Front**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ - ရာစု ပင်လုံ အား နိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်လာရန် ခြေလှမ်းအစအဖြစ် ကြိုဆိုကြောင်း PSLF/TNLA သဘောထားထုတ်ပြန်ချက်

ထုတ်ပြန်ချက် အမှတ် (၁၁၁/၂၀၁၆)

ရက်စွဲ။ ။ ၃ ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။

၁။ ၂၁ ရာစု ပင်လုံညီလာခံကို ဩဂုတ်လ (၃၁) ရက်မှ စက်တင်ဘာလ (၃) ရက်ထိ လေးရက်တိုင်တိုင် ကျင်းပနိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ၏ရှည်ကြာလှသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်လာရန် ခြေလှမ်းအဖြစ် ထောက်ခံကြိုဆိုကြောင်း ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-P.S.L.F/ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်-T.N.L.A ၏ သဘောထားကိုထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ ၂၁ ရာစုပင်လုံညီလာခံတွင် တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီး၊ အစုအဖွဲ့အသီးသီး နှင့် လူပုဂ္ဂိုလ်အသီးသီးတို့၏ တင်ပြချက်စာတမ်းများသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ အစစ်အမှန် တည်ဆောက်နိုင်ရန် ပွင့်လင်းစွာတင်ပြခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။ ထိုတင်ပြချက်များကို လက်တွေ့ကျကျ သုံးသပ်ဆွေးနွေးပြီး နိုင်ငံရေးပြဿနာအတွက် ကြိုးပမ်းအဖြေရှာနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၃။ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ်သစ်များကိစ္စ ပွင့်လင်းစွာတင်ပြခဲ့သည်ကို မိမိတို့ PSLF/TNLA အနေဖြင့် များစွာဝမ်းသာအားရမိပါသည်။

၄။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD မြန်မာအစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ တိုင်းရင်းသားပြည်သူများ၏လိုလားမှုအတိုင်း ဦးတည်လာသော်လည်း၊ တိုင်းရင်းသားဒေသများတွင် လုံခြုံမှုကင်းမဲ့ပြီး တိုက်ပွဲများဖြစ်နေသည့်အခြေအနေကို အထူးစိုးရိမ်မိပါသည်။ မိမိတို့အနေဖြင့် လက်ရှိမြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုကို ပါဝင်ပံ့ပိုးသည့်အနေဖြင့် မိမိတို့ဒေသအတွင်းရှိ မြန်မာ့တပ်မတော်၏ ထိုးစစ်ကို အတတ်နိုင်ဆုံးဆက်လက်ရှောင်ရှားပြီး၊ ထိတွေ့မှုများဆက်လက်လျော့ချသွားပါမည်ဟု အသိပေးဖော်ပြအပ်ပါသည်။

၅။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA သည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ငြိမ်းချမ်းစွာတွေ့ဆုံအဖြေရှာရန် အပြည့်အဝဆန္ဒရှိပါသည်။ ထို့ကြောင့် လက်ရှိ NLD ဦးဆောင်သည့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်နှင့် တွေ့ဆုံဆွေးနွေးရန်အဆင်သင့်ဖြစ်ကြောင်း မိမိတို့၏ ရပ်တည်ချက်သဘောထားကို ထုတ်ပြန်လိုက်ပါသည်။

**"ဘုပ်ဘိုန် ကုင်တအာင်း"**

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - P.S.L.F
တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် - T.N.L.A